ပုံစံ(၁၁)

# ခုံသမာဓိကောင်စီ

## ခုံအဖွဲ့၏ဆုံးဖြတ်ချက်

## { နည်းဥပဒေ ၂၃(စ) }

## ခုံအဖွဲ့

၂၀၁၆ ခုနှစ်၊ လျှောက်ထားသည့်အငြင်းပွားမှုအမှတ်(၂၆/၂၀၁၆)

ဒေါ်ခင်စန်းဝေ(ပါ )အလုပ်သမား(၃၆)ဦး
တာမိုးညဲချမ်းသာသစ်အချောထည်စက်ရုံ
ပတ္တမြားရပ်ကွက်၊ စစ်ကိုင်းမြို့နယ်။ } လျှောက်ထားသူ

နှင့်

ဦးကျော်စွာလွင် (Managing Director)
တာမိုးညဲချမ်းသာသစ်အချောထည်စက်ရုံ
ပတ္တမြားရပ်၊ စစ်ကိုင်းမြို့နယ်။ } လျှောက်ထားခြင်းခံရသူ

ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၁ ရက်

## ဆုံးဖြတ်ချက်

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့၊ ပတ္တမြားရပ်ရှိ တာမိုးညဲချမ်းသာသစ်အချောထည်စက်ရုံလုပ်ငန်း Managing Director ဦးကျော်စွာလွင်နှင့် ဒေါ်ခင်စန်းဝေ(ပါ ) အလုပ်သမား(၃၆)ဦး တို့အကြားဖြစ်ပွားသောအငြင်းပွားမှုကို စစ်ကိုင်းမြို့နယ် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ ညှိနှိုင်းဆောင်ရွက်သော်လည်းပြေလည်မှုမရရှိသဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ကြားနာစစ်ဆေးဆုံးဖြတ်ခဲ့သည်။

၂။ စစ်ကိုင်းတိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့ကအငြင်းပွားမှုအမှတ် (၂/၂၀၁၆) အရ ထိုအငြင်းပွားမှုကို ကြားနာစစ်ဆေးပြီး ၂၀၁၆ ခုနှစ်၊ မတ်လ ၂၄ ရက်နေ့တွင် ဆုံးဖြတ်ပေးခဲ့သည်။

၃။ ဤအငြင်းပွားမှုသည် တောင်းဆိုသူများက တောင်းဆိုခြင်းခံရသူထံတွင် စက်ရုံပိတ်ခြင်းနှင့်ပတ်သက်၍ ဥပဒေနှင့်အညီဆောင်ရွက်ပေးရန် တောင်းဆိုသည်မှ ဖြစ်ပွားလာသော အငြင်းပွားမှုဖြစ်သည်။

၄။ ထိုတောင်းဆိုချက်အပေါ်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ကောက်ချက်(၁)ချက်ရေးဆွဲပြီးအဆုံးအဖြတ်ပေးခဲ့ရာ နှစ်နာ၍တောင်းဆိုသူများမှအောက်ပါကောက်ချက်(၁)ချက်ပေါ် တွင်ဆုံးဖြတ်သော ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိ၍ လျှောက်ထားခြင်းဖြစ်သည်-

**ကောက်ချက်အမှတ်(၁)။** အလုပ်ရှင်မှ စက်ရုံပိတ်ခြင်းနှင့် ပတ်သက်၍ ဥပဒေနှင့်အညီဆောင်ရွက်ပေးရန် အလုပ်သမားများမှ တောင်းဆိုခြင်းဖြစ်သည်။

ဆုံးဖြတ်ချက်အမှတ်(၁)။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးနည်းဥပဒေ(၂၀၁၂)၊ ပုဒ်မ - ၃၅ အရ အလုပ်မှရပ်စဲခံရပြီး နစ်နာကြေးပေးရန် ကျန်ရှိနေသော အလုပ်သမား(၃၆)ဦးအား အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် (၈၄/၂၀၁၅) အရ သတ်မှတ်ထားသော အလုပ်ရပ်စဲမှုနစ်နာကြေးနှုန်းထားများအတိုင်း တွက်ချက်၍ အလုပ်ရှင်မှ ပေးဆောင်ရန်ဆုံးဖြတ်လိုက်သည်။

၅။ စစ်ကိုင်းတိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ (၂/၂၀၁၆) ဆုံးဖြတ်ချက်အပေါ် ကျေနပ်မှုမရှိသဖြင့် တာမိုးညဲချမ်းသာသစ်အချောထည် စက်ရုံလုပ်ငန်းမှ ဒေါ်ခင်စန်းဝေ(ပါ ) အလုပ်သမား(၃၆)ဦးမှ ခုံသမာဓိကောင်စီသို့ အယူခံလျှောက်ထားလာသဖြင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ခုံသမာဓိကောင်စီ အမိန့်ကြော်ငြာစာအမှတ် (၃၁/၂၀၁၆) ဖြင့် ခုံသမာဓိကောင်စီ အမှုအမှတ်(၂၆/၂၀၁၆)အား ကြားနာစစ်ဆေးမည့် ခုံအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။

၆။ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့သည် အငြင်းပွားမှုကို စစ်ကိုင်းမြို့နယ် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၏ မှတ်တမ်းများ၊ စစ်ကိုင်းတိုင်းဒေသကြီး ခုံသမာဓိအဖွဲ့၏ ရှေ့မှောက်တွင် နှစ်ဖက်အငြင်းပွားသူများ၏ ထွက်ဆိုချက်များ၊ နှစ်ဖက်သက်သေတင်ပြချက်များကို စိစစ်လေ့လာရာတွင် ပြည့်စုံကြောင်းတွေ့ရှိရသည့်အတွက် ၂၀၁၂ ခုနှစ်၊ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးနည်းဥပဒေများ အပိုဒ်-၂၃(က)ပါ သတ်မှတ်ချက်နှင့်အညီ သက်ဆိုင်ရာ အငြင်းပွားသူများကို ခုံအဖွဲ့ရှေ့မှောက်သို့ ထပ်မံခေါ်ယူစစ်ဆေးကြားနာခြင်းမပြုတော့ဘဲ အောက်ပါအတိုင်း ကောက်ချက်ရေးဆွဲပြီး ဆုံးဖြတ်လိုက်သည်-

ကောက်ချက်အမှတ်(၁)။ အလုပ်ရှင်မှ စက်ရုံပိတ်ခြင်းနှင့် ပတ်သက်၍ ဥပဒေနှင့်အညီဆောင်ရွက်ပေးရန် အလုပ်သမားများမှ တောင်းဆိုခြင်းဖြစ်သည်။

သုံးသပ်ချက်အမှတ်(၁)။ စစ်ကိုင်းမြို့ရှိ တာမိုးညဲချမ်းသာသစ်ပါးလွှာစက်ရုံအား ကုန်ကြမ်းပြတ်လပ်ခြင်းနှင့် ဝယ်ယူသူများ၏ ကုန်အမှာစာမရရှိခြင်း ကြောင့် လုပ်ငန်းရပ်ဆိုင်းမည်ဖြစ်၍ လိုအပ်သလိုညှိနှိုင်းဆောင်ရွက် ပေးရန် စစ်ကိုင်းမြို့နယ် အလုပ်သမားရေးရာ ညှိနှိုင်းဖျန်ဖြေရေး အဖွဲ့သို့ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် တင်ပြသည့်စာပေါ်အခြေပြု၍ အမှုစတင်ပေါ်ပေါက်ခဲ့ခြင်းဖြစ်ပါသည်။

မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၏ ညှိနှိုင်းကြစဉ် အလုပ်ရှင်ဘက်မှ ယင်းတို့၏ တင်ပြစာအပေါ်အခြေခံ၍ ဆွေးနွေးခဲ့ပြီး ၆ လပြည့်ပြီး၊ တစ်နှစ်မပြည့်သော အလုပ်သမားများအား တစ်လစာကျပ် ၁၀၈၀၀၀/- ကိုလည်းကောင်း၊ ၆ လအောက်အလုပ်သမားများအား လစာဝက် ကျပ် ၅၄၀၀၀/-ကိုလည်းကောင်း နစ်နာကြေးပေးမည်ဟု လက်မှတ် ရေးထိုးထားခဲ့ပါသည်။ အလုပ်သမား ကိုယ်စားတက်ရောက်သူက ဥပဒေနှင့် ဆောင်ရွက်ပေးရန်သာတင်ပြခဲ့ပါသည်။

စစ်ကိုင်းတိုင်းဒေသကြီး ခုံသမာဓိအဖွဲ့မှ အမှုစစ်ဆေးရာတွင် အလုပ်ရှင်ဘက်မှ အလုပ်သမား အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၈၄/၂၀၁၅ ပါအတိုင်း နစ်နာကြေးပေးခဲ့ကြောင်း ထွက်ဆိုခဲ့ပါသည်။အလုပ်သမားများကိုယ်စားတက်ရောက်သူက စက်ရုံကို အပြီးပိတ်မှာလားဟုသာ မေးမြန်းပြီး အခြား တင်ပြချက်မရှိခဲ့ပါ။ တောင်းဆိုလွှာပေးပို့ရာတွင်မူ ဥပဒေနှင့်အညီ သာပြုလုပ်ပေးရန် တောင်းဆိုဖော်ပြခဲ့ပါသည်။

အလုပ်သမားများက အမှုဖြစ်စဉ်တစ်လျှောက်တွင် ဥပဒေနှင့်အညီဆောင်ရွက်ပေးရန်သာ တင်ပြဆွေးနွေးခဲ့ရာတွင် အခြားနစ်နာသည့်အချက်များဖော်ပြခြင်းမရှိပါ။ အလုပ်ရှင်ဘက်ကလည်း ဥပဒေနှင့်အညီဆောင်ရွက်ရန်တင်ပြခဲ့ပါသည်။ သို့ဖြစ်၍ ဥပဒေနှင့်အညီဆောင်ရွက်ရန်အလေးပေးရမည်ဖြစ်ပါသည်။ အလုပ်ရှင်က မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့တွင် တင်ပြသည့်အချက်ကို လူမှုရေးတရားမျှတမှုအပေါ်အခြေခံ၍ အလေးထားစဉ်းစားသင့်ပါသည်။

ခုံသမာဓိကောင်စီသို့ အလုပ်သမားက တင်ပြသည့်စာတွင်မူ အမှုတွဲပါကိစ္စသာမက အခြားအချက်များလည်း ပါဝင်လာကြောင်း တွေ့ရှိရပါသည်။ မူလအမှုတွဲပါအကြောင်းအရာကိုသာ စဉ်းစားဆုံးဖြတ်ရန်ဖြစ်ပါသည်။

အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၈၄/၂၀၁၅ပါခံစားခွင့်ထက်ပိုမိုကောင်းမွန်သည့် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့တွင် အလုပ်ရှင်ကတင်ပြထားသည့်ခံစားခွင့်ကိုအလုပ်သမားများအားခံစားခွင့်ပြုရန်သင့်ပါသည်။ သို့ဖြစ်ပါ၍ အောက်ပါအတိုင်းဆုံးဖြတ်လိုက်ပါသည်-

**ဆုံးဖြတ်ချက်အမှတ်(၁)။** စစ်ကိုင်းတိုင်းဒေသကြီး ခုံသမာဓိအဖွဲ့၏ (၂/၂၀၁၆) ဆုံးဖြတ်ချက်အားပယ်ဖျက်ပြီး လုပ်သက် ၆ လပြည့်ပြီး ၁ နှစ်မကျော်သည့် အလုပ်သမားများအားတစ်လစာကျပ်၁၀၈၀၀၀ိ/-ကိုလည်းကောင်း၊ လုပ်သက် ၆ လ အောက်အလုပ်သမားများအား လစာဝက်ကျပ် ၅၄၀၀၀ိ/- ကိုလည်းကောင်း ထုတ်ပေးရန် ဆုံးဖြတ်လိုက်သည်။

ဤဆုံးဖြတ်ချက်သည် အထက်တွင်ဖော်ပြထားသည့်နေ့ရက်မှစ၍ အာဏာတည်စေရမည်။

၇။ တောင်းဆိုသူအား ပေးရန်ရှိသောငွေများကို ဤဆုံးဖြတ်ချက်ချသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်းပေးရမည်။

| | | |
|---|---|---|
| ဦးမောင်မောင်ဝင်း<br>အဖွဲ့ဝင် | ဦးအောင်သန်း<br>ဥက္ကဋ္ဌ | ဦးငွေး<br>အဖွဲ့ဝင် |